သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက် | မြန်မာ

အိန္ဒိယအစိုးရပိုင်လက်နက်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဧပြီလအထိ ၆ လတာကာလအတွင်း မြန်မာစစ်အုပ်စုကို ဒေါ်လာ ၅ သန်းကျော်တန်ဖိုးရှိ စစ်လက်နက်ပစ္စည်းတွေတင်ပို့ပြီး အကြမ်းဖက်စစ်ဆင်ရေးကို ပံ့ပိုးကူညီခဲ့

Justice For Myanmar က အိန္ဒိယရဲ့ Quad လုပ်ဖော်ကိုင်ဖက်တွေအပါအဝင် တခြားသောမဟာမိတ်တွေအနေနဲ့ မြန်မာစစ်အုပ်စုကို လက်နက်၊ စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံးကုန်ပစ္စည်းတွေနဲ့ နည်းပညာထောက်ပံ့ပေးနေတာတွေကို ရပ်တန့်ပစ်ဖို့အတွက် အိန္ဒိယကို ဖိအားပေးဖို့ သူတို့ရဲ့ ဩဇာအာဏာကို အသုံးပြုဖို့ တောင်းဆိုလိုက်ပါတယ်။

Justice For Myanmar ရဲ့ စုံစမ်းစစ်ဆေးမှု အချက်အလက်တွေမှာပါတဲ့ အိန္ဒိယပြည်ပတင်ပို့မှုမှတ်တမ်းတွေအရ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလကနေ ၂၀၂၃ ခုနှစ်၊ ဧပြီလအထိ ခြောက်လအတွင်း မြန်မာစစ်အုပ်စုနဲ့ သူတို့ရဲ့လက်နက်ပွဲစားတွေက တဆင့် Bharat Electronics Limited (BEL) ရဲ့ကုန်ပစ္စည်းတင်ပို့မှုအသစ်မှာ အမေရိကန်ဒေါ်လာ ၅ သန်းကျော် ရှိခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါတယ်။

တင်ပို့တဲ့ ကုန်ပစ္စည်းတွေမှာ အကြမ်းဖက်စစ်အုပ်စုအသုံးပြုမယ့် စစ်ဘက်သုံးကုန်ပစ္စည်းတွေ၊ နည်းပညာတွေနဲ့ နည်းပညာဆိုင်ရာ စာရွက်စာတမ်းတွေ ပါဝင်ပါတယ်။

တင်ပို့တဲ့ ပစ္စည်းတွေက ဖရီးဂိတ်သင်္ဘောတွေ၊ အခြားစစ်သင်္ဘောတွေ ဒါမှမဟုတ် ရေငုပ်သင်္ဘောတွေမှာ အသုံးပြုမယ့် အသံလှိုင်းသတ္တုအကာတွေ၊ ဂက်စကပ်တွေ၊ လမ်းညွှန်ဂီယာစနစ်တွေ၊ ရေဒီယိုထုတ်လွှင့်တာနဲ့ ရေဒါတွေမှာအသုံးပြုတဲ့ ပစ္စည်းအမျိုးမျိုးနဲ့ စစ်မြေပြင်ဆက်သွယ်ရေးအတွက် ကျောပိုးရေဒီယိုတွေလည်း ထုတ်ပိုးပါဝင်ပါတယ်။

မြန်မာနိုင်ငံမှာ ရုံးခွဲဆက်ဖွင့်ထားတဲ့ BEL က သူ့ပစ္စည်းတွေကိုသုံးမဲ့ မြန်မာစစ်အုပ်စုဟာ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို တစုံတရာအရေးယူမခံရဘဲ ဆက်ကျူးလွန်နေမှန်းသိနေလျက်နဲ့ ကိရိယာတွေကို လွှဲပြောင်းပေးခဲ့တာပါ။

မြန်မာစစ်အုပ်စုဟာ လက်ရှိအချိန်အထိ လူပေါင်း ၃၆၀၀ ကျော်ကို သတ်ပစ်ခဲ့ပြီး လူပေါင်း ၂၃,၃၀၀ ကို မတရားဖမ်းဆီးကာ အရပ်ဘက် စစ်ဘက် မခွဲခြားတဲ့ ပစ်မှတ်ထားလေကြောင်းတိုက်ခိုက်မှုတွေ အပါအဝင် လက်နက်ကြီးပစ်ခတ်မှုတွေ၊ ညှဥ်းပန်း နှိပ်စက်မှုတွေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကို ကျူးလွန်ခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁ ဒသမ ၅ သန်းကျော်ကို အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့ပါတယ်။

အဲဒီပစ္စည်းတွေတင်ပို့မှုက အကြမ်းဖက်စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေကို အားပေးကူညီနေတာ ဖြစ်ပြီး နိုင်ငံတကာလူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှု ဥပဒေအောက်မှာရှိတဲ့ အိန္ဒိယရဲ့ တာဝန်ဝတ္တရားတွေနဲ့ Wassenaar အစီအစဉ်မှာပါတဲ့ ကတိကဝတ်တွေကို လျစ်လျူရှုနေကြောင်း သိသာထင်ရှားစေပါတယ်။

အိန္ဒိယနဲ့ မြန်မာစစ်အုပ်စုဟာ ကာလရှည်ကြာ ဆက်ဆံရေးရှိပါတယ်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှာ စစ်ရာဇဝတ်ကောင်မင်းအောင်လှိုင်က သူ့ရဲ့မိန့်ခွန်းမှာ တိုက်ခိုက်ရေးစွမ်းရည် မြင့်မားတဲ့ စစ်သင်္ဘော ကြီးတွေ လိုအပ်နေပြီး စစ်သင်္ဘောကြီးတွေ အသုံးပြုနိုင်ဖို့ ရေတပ်အရာရှိတွေကို လေ့ကျင့် သင်ယူနိုင်ဖို့ ရုရှား၊ တရုတ်နဲ့ အိန္ဒိယတို့ အပါအဝင် အခြားနိုင်ငံတွေဆီ ရေတပ်အရာရှိတွေ စေလွှတ်ထားကြောင်း အထူးအလေးပေး ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒီနှစ် ဝန်ကြီးချုပ် Narendra Modi ရဲ့ နိုင်ငံတော်ခရီးစဉ်အတွင်းမှာ အမေရိကန်နဲ့ ပြင်သစ်တို့အနေနဲ့ စစ်အုပ်စုကို အိန္ဒိယက ထောက်ခံနေတာတွေကို ဖြေရှင်းပေးဖို့နဲ့ မြန်မာစစ်အုပ်စုကို လက်နက်ပိတ်ဆို့မှု ချမှတ်ရေး အိန္ဒိယအပေါ် တွန်းအားပေးဖို့ အထူးတာဝန်ရှိပါတယ်။

အဲဒီကာလအတွင်း မြန်မာနိုင်ငံကို BEL က ၇ ကြိမ်တင်ပို့ခဲ့ပြီး ၃ ကြိမ်ကို မြန်မာစစ်အုပ်စုဆီ တိုက်ရိုက်ပေးပို့ ခဲ့ပါတယ်။ နောက် ၃ ကြိမ် ကို လက်နက်ပွဲစား Mega Hill General Trading ဆီ ပေးပို့ပြီး ကျန် ၁ ကြိမ် ကို Alliance Engineering Services ကို တင်သွင်းခဲ့ပါတယ်။

Alliance Engineering Services ဟာ စစ်အုပ်စု လေတပ်အကြီးအကဲဟောင်း မောင်မောင်ကျော်ရဲ့ မိသားစုက ပိုင်ဆိုင်ထားပါတယ်။

Mega Hill General Trading ဟာ Justice For Myanmar က ဖော်ထုတ်ခဲ့တဲ့ ၂၀၂၁ ခုနှစ်မှာ BEL ရဲ့ အဝေးထိန်းလက်နက်စခန်းအပါအဝင် နည်းပညာဝယ်ယူရေးနဲ့ ပစ္စည်းဝယ်ယူရေးညွှန်ကြားမှုဦးစီးဌာနကို ဝန်ဆောင်မှုတွေပေးအပ်ခဲ့ဖူးတဲ့ သမိုင်းကြောင်းရှိတဲ့ မြန်မာစစ်အုပ်စုကန်ထရိုက်တာတစ်ဦး ဖြစ်ပါတယ်။

Justice For Myanmar က အာဏာသိမ်းကြိုးပမ်းမှု မတိုင်မီ နဲ့ နောက်ပိုင်းကာလမှာ BEL ရဲ့ ကမ်းရိုးတန်းစောင့်ကြည့်ရေးစနစ်ကို မြန်မာစစ်အုပ်စုဆီ ထောက်ပံ့ပေးထားကြောင်းကိုလည်း ဖော်ထုတ်ခဲ့ပါတယ်။

Mega Hill General Trading နဲ့ Alliance Engineering Services အပါအဝင် သူတို့ရဲ့ ဆက်စပ်လုပ်ငန်းတွေ၊ ဒါရိုက်တာတွေနဲ့ အစုရှယ်ယာရှင်တွေအပေါ် ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုတွေ အရေးတကြီး လုပ်ဆောင်ဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

BEL ကို အိန္ဒိယအစိုးရက ၅၁.၁၄ ရာခိုင်နှုန်း ပိုင်ဆိုင်ထားပြီး အဲဒီအချက်အလက်တွေကို ပြည်သူတွေလွတ်လပ်စွာကြည့်နိုင်တယ်လို့ ပြဌာန်းထားပါတယ်။ ကျန်အစုရှယ်ယာရှင်တွေကတော့ Nippon Life India Asset Management၊ Goldman Sachs၊ Vanguard၊ BlackRock၊ Fidelity၊ Canadian Pension Plan၊ California Public Employees' Retirement System၊ California State Teachers Retirement System နဲ့ Caisse de Depot et Placement du Quebec၊ Swedish ပင်စင်ရန်ပုံငွေတွေ၊ AP -fonden (AP1)၊ Andra AP-fonden (AP2) နဲ့ Sjunde AP-fonden (AP7) တို့ ပါဝင်ပါတယ်။

BEL ရဲ့ အဖွဲ့အစည်းဆိုင်ရာ အစုရှယ်ယာရှင်တွေဟာ သူတို့ရဲ့ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တာဝန်တွေနဲ့အညီ မြန်မာစစ်အုပ်စုအတွက် အရပ်ဘက်-စစ်တပ်နှစ်မျိုးသုံး ကုန်ပစ္စည်းတွေနဲ့ နည်းပညာတွေကို ဆက်လက်ပံ့ပိုးပေးနေတာကြောင့် ကုမ္ပဏီကနေ နုတ်ထွက်သင့်ပါတယ်။

Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က "အိန္ဒိယအစိုးရနဲ့ အစိုးရပိုင် လက်နက်ကုမ္ပဏီတွေဟာ စစ်အုပ်စုက ပြည်သူတွေအပေါ် အကြမ်းဖက်လုပ်ရပ်တွေ ကျူးလွန်နေတဲ့ မြန်မာနိုင်ငံမှာ ပုံမှန်အတိုင်းလုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်နေကြပါတယ်၊ ပစ္စည်းတွေ တင်သွင်းပြီး အမြတ်ထုတ်တာတွေလည်း လုပ်နေကြပါတယ်။

Bharat Electronics Limited ရဲ့ မြန်မာနိုင်ငံကို ကုန်ပစ္စည်းတင်ပို့မှုအသစ်တွေက မြန်မာစစ်အုပ်စုရဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်နေတဲ့ ရာဇဝတ်မှုတွေကို ပိုပြီး ပါဝင်ပါတ်သက် အားပေးကူညီနေတာ ဖြစ်ပါတယ်။

စစ်အုပ်စုဆီကို လက်နက်နဲ့ ပစ္စည်းတင်သွင်းရောင်းချတဲ့လုပ်ရပ်က အိန္ဒိယဟာ မြန်မာပြည်သူတွေရဲ့အသံ၊ တရားဝင်အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေနဲ့ နိုင်ငံတကာဥပဒေအောက်မှာ သူတို့လိုက်နာဖို့ တာဝန်ရှိတဲ့ လုပ်ငန်းတာဝန်တွေကို လျစ်လျူရှုတဲ့လမ်းကို ရွေးချယ်လိုက်တာ ဖြစ်ပါတယ်။

အိန္ဒိယရဲ့ Quad လုပ်ဖော်ကိုင်ဖက်တွေအပါအဝင် အခြားသောမဟာမိတ်တွေအနေနဲ့ စစ်အုပ်စုအပေါ် အိန္ဒိယရဲ့ထောက်ခံအားပေးနေတာတွေ ရပ်တန့်ဖို့ သူတို့ရဲ့သြဇာအာဏာကို အရှိန်မြှင့်ပြီး ချက်ခြင်းအသုံးချကြဖို့ အရေးတကြီး လိုအပ်နေပါပြီ။

ဘိုင်ဒင်အစိုးရဟာ ယခုသီတင်းပတ်အတွင်း အိမ်ဖြူတော်ကို နိုင်ငံတော်ခရီးစဉ်နဲ့ လာရောက်ဖို့ ဝန်ကြီးချုပ် Narendra Modi ကို ဂုဏ်ပြုဖိတ်ကြားခဲ့ပါတယ်။

သမ္မတဘိုင်ဒင်နဲ့ သူ့အစိုးရအနေနဲ့ မြန်မာစစ်အုပ်စုဆီ လက်နက်တင်ပို့နေတာ အားလုံးကို ချက်ချင်း ရပ်တန့်ဖို့ ဝန်ကြီးချုပ်မိုဒီအပေါ် တွန်းအားပေးဖို့ ကျမတို့ တိုက်တွန်းထားပါတယ်။

အမေရိကန်အနေနဲ့ အိန္ဒိယကိုပေးအပ်နေတဲ့ စစ်ရေးအကူအညီတွေမှာ စစ်အုပ်စုကို အိန္ဒိယက ထောက်ပံ့နေတာတွေ အဆုံးသတ်ဖို့ အစီအစဉ်တွေ စတင်ချမှတ်သင့်ပါတယ်။

ဂျူလိုင်လထဲ ပဲရစ်ကို နိုင်ငံတော်ခရီးစဉ်နဲ့ လာရောက်လည်ပတ်မယ့် မိုဒီကို သမ္မတမက်ခရွန် အနေနဲ့ စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ အိန္ဒိယရဲ့ ရှုပ်ရှုပ်ထွေးထွေး ပါဝင်ပက်သက်နေတာတွေကို ဆွေးနွေးသင့်ပြီး မြန်မာနိုင်ငံကို လက်နက်ရောင်းချနေတာကို ပိတ်ပင်ဖို့ အိန္ဒိယကို တွန်းအားပေးသင့်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

ပိုမိုသိရှိရန်

BEL နှင့် Mega Hill Trading တို့အကြောင်း ကျွန်ုပ်တို့ရဲ့ စုံစမ်းဖော်ထုတ်ရေးသားမှုကို ဤနေရာ တွင် ဖတ်ရှုပါ။

BEL ရဲ့ ကမ်းရိုးတန်းစောင့်ကြည့်ရေးစနစ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ စုံစမ်းဖော်ထုတ်ရေးသားမှုကို ဤနေရာတွင် ဖတ်ရှုပါ။

စစ်အုပ်စုအတွက် အိန္ဒိယလက်နက်လွှဲပြောင်းမှုနဲ့ ပတ်သက်ပြီး ကျွန်ုပ်တို့၏ အခြားအစီရင်ခံစာများကို ဤနေရာနှင့် ဤနေရာ တွင် ဖတ်ရှုပါ။

BEL ကတဆင့် မြန်မာစစ်အုပ်စုအတွက် Thales ၏ သွယ်ဝိုက်ထောက်ပံ့မှုအပေါ် ကျွန်ုပ်တို့၏ ပူးတွဲကြေညာချက် ကို ဤနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။